EMReF
Enlightened Myanmar Research Foundation

# ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အမှတ် (၁၂)၊ ဩဂုတ်လ (၁၃) ရက်၊ ၂၀၁၆

## ရှမ်းပြည်နယ်လွှတ်တော် အဆောက်အအုံအသစ် တည်ဆောက်ရေး ဒေသခံများ ကန့်ကွက်



(ဓာတ်ပုံ - 7Day Daily)

ဩဂုတ် ၁၁၊ ၂၀၁၆

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရှမ်းပြည်နယ်လွှတ်တော် အဆောက်အအုံသစ် တည်ဆောက်မည်ကို မြို့ခံများက ကန့်ကွက်သည့်လှုပ်ရှားမှုများ ဩဂုတ်လ(၁၁)ရက်ကပြုလုပ်ခဲ့ကြောင်း သိရသည်။ ထင်းရှူးပင်များ ပြုန်းတီးမည်ဖြစ်သောကြောင့် အဆောက်အအုံသစ်များ ဆောက်လုပ်ခြင်းမပြုရန် ပြည်နယ်အစိုးရသို့ ကန့်ကွက်စာတင်မည်ဖြစ်ကြောင်းတောင်ကြီးမြို့ ရှင်သန်ရာ ကမ္ဘာမြေသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ထံမှ သိရသည်။

ရှမ်းပြည်လွှတ်တော်အဆောက်အအုံသစ် တည်ဆောက်မည့်နေရာသည် လက်ရှိရှမ်းပြည်နယ်လွှတ်တော်၏ တောင်ဘက်တောင်ကြီးမြို့၏ အထင်ကရနေရာဖြစ်သော အိမ်တော်လမ်းတွင် တည်ဆောက်မည်ဖြစ်ရာ ယင်းနေရာတွင် သက်တမ်းရင့် ထင်းရှူးပင်ပေါင်း(၈၀၀) ကျော် ခုတ်ထွင်ရှင်းလင်းရမည်ဖြစ်ကြောင်း၊ မဖြစ်မနေ တည်ဆောက်ရမည်ဆိုပါက အခြားနေရာ၌သာ တည်ဆောက်သင့်ကြောင်း တောင်ကြီးမြို့ခံများက ပြောဆိုသည်။

မြို့ပေါ်မှာသစ်ပင်တွေက အရမ်းနည်းလာတယ်။ ဒီနေရာလေးကတော့ သစ်တောလေးဖြစ်နေတာပေ့ါ။ သဘာဝပတ်ဝန်းကျင်အနေနဲ့ ပြောမယ်ဆိုရင် ဒီနေရာမှာလုံးဝမလုပ်သင့်ပါဘူးဟု ရှင်သန်ရာကမ္ဘာမြေသဘာဝပတ်ဝန်းကျင်

လက်ရှိအချိန်၌ အဆိုပါအဆောက်အအုံဆောက်လုပ်မည့် အစီအစဉ်နှင့်ပတ်သက်၍ ကန့်ကွက်ကြောင်း လက်မှတ်များ ကောက်ခံနေပြီး ဩဂုတ်လ (၁၃) ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရနှင့် နိုင်ငံတော်သမ္မတရုံးထံသို့ တင်ပြမည်ဖြစ်ကြောင်း၊ ဩဂုတ်လ(၁၁) ရက်နေ့က ကန့်ကွက်ကြောင်း လက်မှတ်ရေးထိုးသူ(၃၀၀) ဦးရှိကြောင်း ရှင်သန်ရာကမ္ဘာမြေသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ထံမှ သိရသည်။

*(ကိုးကား- The Voice Daily သတင်းစာမှ ကောက်နုတ်တင်ပြသည်)*

## လက်ရှိချင်းပြည်နယ် စည်ပင်ဥပဒေကို ပြင်ဆင်မည့် ဥပဒေကြမ်းကို ချင်းပြည်နယ်လွှတ်တော်သို့ ပေးပို့



(ဓာတ်ပုံ - Salai Issac Khen's Facebook Page)

ဩဂုတ်လ ၁၊ ၂၀၁၆

ချင်းပြည်နယ်အတွင်းရှိ မြို့နယ်စည်ပင်ကော်မတီဝင်များကို မြို့နေလူထုက ဒီမိုကရေစီနည်းကျ တိုက်ရိုက်မဲပေး ရွေးချယ်တင်မြှောက်နိုင်မည့် စည်ပင်ရွေးကောက်ပွဲ ပြုလုပ်နိုင်ရန် လက်ရှိစည်ပင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ချင်းပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနမှ ချင်းပြည်နယ်လွှတ်တော်သို့ ပေးပို့ထားသည်ဟု သိရသည်။

တတိယပတ်တွင် ကျင်းပမည့် ချင်းပြည်နယ်လွှတ်တော် အစည်းအဝေး၌ ယင်းဥပဒေကြမ်းကို အတည်ပြုပေးပြီးလျှင် ချင်းပြည်နယ်ရှိ (၁၅) မြို့နယ်တွင် စည်ပင်ရွေးကောက်ပွဲများကို စက်တင်ဘာလအတွင်း ကျင်းပ ပြုလုပ်မည်ဖြစ်သည်။ အဆိုပါစည်ပင်ရွေးကောက်ပွဲကို လွတ်လပ်ပြီး ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်နိုင်ရန်၊ အမျိုးသမီးများနှင့်လူငယ်များပါဝင်မှုကို ခိုင်မာသေချာစေရန်၊ မြို့နေလူထုအနေဖြင့် တက်တက်ကြွကြွပါဝင်မဲပေးနိုင်ရန် ပြည်နယ်စည်ပင်မှ အရပ်ဘက်အဖွဲ့အစည်း လေးခု (Hornbill Organization, New Myanmar Foundation, Gender and Development Institute , Pyoe Pin Programme) တို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ပြန်လည် ပြင်ဆင်မည့် ချင်းပြည်နယ်စည်ပင်ဥပဒေအရ မြို့နေလူထုက စည်ပင်ကော်မတီဝင်(၇) ဦးအနက် (၄) ဦးကို တိုက်ရိုက်မဲပေး ရွေးချယ်ရမည်ဖြစ်သည်။ မိမိတို့မြို့နယ်အကျိုးအတွက် (၅) နှစ်သက်တမ်း တာဝန်ထမ်းဆောင်ရန် ပါဝင်အရွေးချယ်ခံလိုသူများအနေဖြင့် သတ်မှတ်ကာလအတွင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုယ်တိုင်အမည်စာရင်းတင်သွင်းရမည်ဖြစ်ပြီး ရွေးချယ်တာဝန်ပေးခံရသူများအား လစဉ်ချီးမြှင့်ငွေ ခံစားခွင့်ပြုမည်ဟု သိရသည်။

*(ကိုးကား - Salai Issac Khen's Facebook Page)*

## ဇေယျာရွှေမြေအသင်း ငှားရမ်းထားသည့် အားကစားကွင်းကို အား/ကာဦးစီးဌာနထံ ပြန်လည်ပေးအပ်ရန် အဆိုအတည်ပြု


(ဓာတ်ပုံ - 7Day Facebook Page)

ဩဂုတ်လ ၁၁၊ ၂၀၁၆

ဇေယျာရွှေမြေဘောလုံးအသင်းက ငှားရမ်းအသုံးပြုနေသည့် မုံရွာခရိုင်အားကစားကွင်းကို ပြည်သူ့အားကစားကွင်းအဖြစ် ပြန်လည်လွှဲပြောင်းပေးရေး အဆိုကို စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဒုတိယအကြိမ် မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ဩဂုတ်လ (၁၁) ရက်နေ့တွင် အတည်ပြုလိုက်သည်။ ယင်းအဆိုကို မုံရွာမြို့ မဲဆန္ဒနယ် အမှတ်(၂)မှတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ကြည် တင်သွင်းခဲ့ခြင်းဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ် (၄၈) ဦးလုံးက ထောက်ခံခဲ့ ကြသည်။

မုံရွာခရိုင် အားကစားကွင်းသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနပိုင်ဖြစ်ပြီး ဇေယျာရွှေမြေအသင်းကိုတိုင်းကိုယ်စားပြု အသင်းဆိုကာ ၂၀၀၇ ခုနှစ်မှ စတင်၍ သုံးနှစ် ဆက်တိုက် အခမဲ့ ဌားရမ်းခဲ့သည်။ ၂၀၁၀ ခုနှစ်မှ စ၍ နှစ် (၃၀) စာချုပ်ချုပ်ဆိုကာ အခကြေးငွေပေးသွင်း၍ ငှါးရမ်းအသုံးပြုစေခဲ့သည်။ ၎င်းတို့အနေဖြင့် (MNL) ပြိုင်ပွဲများကို အိမ်ကွင်းအဖြစ် လက်ခံကျင်းပခဲ့ရာ ၂၀၁၀ ခုနှစ်တွင် ဒုတိယရခဲ့ခြင်းသည် အောင်မြင်မှု အရှိဆုံးရာသီဖြစ်သည်။ ဇေယျာရွှေမြေအသင်းအနေဖြင့် ၂၀၁၀ မှ ၂၀၁၆ ခုနှစ် အတွင်း သိသာထင်ရှားသော အောင်မြင်မှုမျိုး မရရှိခဲ့ကြောင်း လွှတ်တော်သို့ တင်သွင်းသည့်အဆိုတွင် ဖော်ပြထားသည်။ အားကစားကွင်းငှါးရမ်းမှု စာချုပ်အရ ဇေယျာရွှေမြေအသင်းအနေဖြင့် ဘောလုံးအသင်းကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိလျှင် ငှားရမ်းအသုံးပြုနေသည့် ကာလအတွင်း နိုင်ငံတော်ကပြန်လည် ရယူပိုင်ခွင့်ရှိသည်ဟူသော အချက်ပါဝင်သည်။

ယခင်အစိုးရလက်ထက် ၂၀၁၅ ခုနှစ် စက်တင်ဘာလ (၇) ရက်နေ့တွင် မြို့မိမြို့ဖများက မုံရွာခရိုင် အားကစားကွင်းကို ပြန်လည်တောင်းဆိုခဲ့သောကြောင့် ယခင် စစ်ကိုင်းတိုင်းဝန်ကြီးချုပ် ဦးသာအေးက ယင်းနှစ် နိုဝင်ဘာလ (၂၇) ရက်နေ့တွင် ပြည်ထောင်စုအဆင့်သို့ တင်ပြခဲ့ဖူးသည်။

*(ကိုးကား- The Voice Daily & 7Day Daily သတင်းစာများမှ ကောက်နုတ်တင်ပြသည်)*

## သတင်းဓာတ်ပုံ


ဓာတ်ပုံ - မကွေးတိုင်းဒေသကြီးလွှတ်တော်

မကွေးမြို့၊ မြို့တော်ခန်းမ၌ မကွေးတိုင်းဒေသကြီးဒေသဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ်လ (၅)ရက်နေ့နှင့် (၆) ရက်နေ့များတွင် နှစ်ရက်ကြာကျင်းပခဲ့စဉ်


ဓာတ်ပုံ - ကယားပြည်နယ်လွှတ်တော်

ကယားပြည်နယ်လွှတ်တော်ရုံးတွင် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေးနှင့် လွှတ်တော်ရုံးဝန်ထမ်းများ လစဉ်အစည်းအဝေးကို ကျင်းပနေစဉ်

ပြည်နယ်နှင့်
တိုင်းဒေသကြီး
လွှတ်တော်များဆိုင်ရာ
သတင်းစာစဉ်

စုစည်းတင်ပြသူ
ပညာအလင်းပွင့်
မြန်မာသုတေသန
ဖောင်ဒေးရှင်း

ဆက်သွယ်ရန်
---------
၀၉ ၂၆၀၀၀၇၅၁၉

www.emref.org
www.facebook.com/emrmyanmar

## သတင်းတို

➤ မွန်ပြည်နယ် MCL ဘိလပ်မြေစက်ရုံစီမံကိန်းအတွက် လိုအပ်သော တူးမြောင်းဖောက်လုပ်ခြင်း၊ ဆိပ်ကမ်းတည်ဆောက်ခြင်း၊ လမ်းဖောက်ခြင်းနှင့် အထွေထွေဗုံးခွဲရမ်းအသုံးပြုခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် ကုမ္ပဏီများအား လုပ်ငန်းစရိတ်မပေးသဖြင့် ပြည်နယ်လွှတ်တော်သို့ လာရောက်တိုင်ကြားခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး လုပ်ငန်းဆောင်ရွက်ခမရသေးသည့် ကုမ္ပဏီများနှင့် လွှတ်တော်တို့ တွေ့ဆုံဆွေးနွေး မှုများပြုလုပ်ပြီး တိတိကျကျပြတ်ပြတ်သားသား ဆောင်ရွက်ရန် ပြည်နယ်အစိုးရအား လွှတ်တော်မှ တိုက်တွန်းမည်ဟု လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦးက ဆိုသည်။

*(ကိုးကား www.hintharmedia.com)*

➤ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်မှုသင်တန်းကို တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပို့ချခဲ့သည်။ အဆိုပါသင်တန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ တတ်ရောက်ခဲ့ကြပြီး ဩဂုတ် (၁)ရက်နေ့မှ (၃)ရက်နေ့အထိ ကျင်းပခဲ့သည်။

*(ကိုးကား - တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ facebook page)*

➤ ရခိုင်ပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများကို ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့်သာ ဆောင်ရွက်ရမည်ဟု ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှက ပြောကြားသည်။ "ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ (၂၅၁) မှာ ပြဋ္ဌာန်းထားတဲ့အတိုင်း ရခိုင်ပြည်နယ်အတွင်းမှာ အကောင်အထည်ဖော်ဆောင်ရွက်မဲ့ မည်သည့် စီမံကိန်းမျိုးကို မဆို ပြည်နယ်လွှတ်တော်ရဲ့ သဘောတူညီချက်ဖြင့်သာ ဆောင်ရွက်ဖို့လိုကြောင်း သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းတွေကို အသိပေးလိုပါတယ်" ဟု ၎င်းကဆိုသည်။

*(ကိုးကား - www.7daydaily.com)*

EMReF
Enlightened Myanmar Research Foundation

သတင်းရင်းမြစ်အားလုံးကို ကျေးဇူးတင်ရှိပါသည်။

### ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော်ရေးရာကော်မတီများ ဖွဲ့စည်းပုံ

| စဉ် | ရေးရာကော်မတီအမည် | အဖွဲ့ဝင်ဦးရေ | | | စုစုပေါင်း |
|---|---|---|---|---|---|
| | | လွှတ်တော်ကိုယ်စားလှယ် | တပ်မတော်သားကိုယ်စားလှယ် | ပြင်ပပညာရှင် | |
| ၁ | လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ | ၃ | ၁ | - | ၄ |
| ၂ | ဥပဒေကြမ်းကော်မတီ | ၁၅ | ၂ | - | ၁၇ |
| ၃ | တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ | ၇ | ၁ | - | ၈ |
| ၄ | အစိုးရ၏အာမခံချက်များ၊ကတိများ၊တာဝန်ခံချက်များနှင့် တရားစီရင်ရေးဆိုင်ရာစိစစ်ရေးဆိုင်ရာကော်မတီ | ၇ | ၁ | - | ၈ |
| ၅ | အုပ်ချုပ်ရေး၊ ငြိမ်းချမ်းရေး၊ လူ့ဝင်မှုကြီးကြပ်ရေးနှင့်နယ်စပ်ရေးရာကော်မတီ | ၈ | ၁ | - | ၉ |
| ၆ | စီမံကိန်း၊စီးပွားရေးနှင့်ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကော်မတီ | ၈ | ၁ | - | ၉ |
| ၇ | ဆောက်လုပ်ရေး၊ပို့ဆောင်ဆက်သွယ်ရေး၊လျှပ်စစ်နှင့်စက်မှုလက်မှုဆိုင်ရာကော်မတီ | ၅ | ၁ | ၂ | ၈ |
| ၈ | သစ်တော၊ သတ္တု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာကော်မတီ | ၅ | ၁ | - | ၆ |
| ၉ | စည်ပင်သာယာရေး၊ပညာရေး၊ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာကော်မတီ | ၆ | ၁ | - | ၇ |
| ၁၀ | ဥပဒေလေ့လာစိစစ်ရေးနှင့်အကြံပေးအဖွဲ့ | ၁ | ၁ | ၁၆ | ၁၈ |

### ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော်ရေးရာကော်မတီများ ဖွဲ့စည်းပုံ

| စဉ် | ရေးရာကော်မတီအမည် | အဖွဲ့ဝင်ဦးရေ | | | စုစုပေါင်း |
|---|---|---|---|---|---|
| | | လွှတ်တော်ကိုယ်စားလှယ် | တပ်မတော်သားကိုယ်စားလှယ် | ပြင်ပပညာရှင် | |
| ၁ | ဥပဒေပြုရေးဆိုင်ရာ ကော်မတီ | ၂ | ၂ | ၆ | ၁၀ |
| ၂ | ဥပဒေ လေ့လာစိစစ်အကြံပြုရေး ကော်မတီ | ၁ | - | ၇ | ၈ |
| ၃ | တိုင်းရင်းသားလူမျိုးအရေးဆိုင်ရာ ကော်မတီ | ၂ | - | ၇ | ၉ |
| ၄ | အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ | ၂ | ၁ | ၅ | ၈ |

ကျန်ပြည်နယ်နှင့် တိုင်းလွှတ်တော် ရေးရာ ကော်မတီ များကို အလျဉ်းသင့်သလို ဆက်လက် ဖော်ပြပေး သွားပါမည်။ အချက်အလက် အရင်းအမြစ် EMReF